# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ - ၃၆)


၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၆ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၅၅)


# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကျင်းပ

စာမျက်နှာ - ၃

# The Global Fund အဖွဲ့အစည်းမှ ပေးအပ်သောရန်ပုံငွေများနှင့် အစီအစဉ်များကိုစွဆွေးနွေး

**နေပြည်တော် မတ် ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် The Global Fund to fight AIDS, Tuberculosis and Malaria ၏ အမှုဆောင် ဒါရိုက်တာ Mr. Mark Dybul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်လျက်ရှိသည့် The Global Fund အဖွဲ့အစည်းမှ ပေးအပ်သောရန်ပုံငွေများနှင့် အစီအစဉ်များကိစ္စ၊ The Global Fund နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် ကိစ္စ၊ ကျန်းမာရေးကဏ္ဍကို မြှင့်တင်သွားခြင်းဖြင့် နိုင်ငံတစ်နိုင်ငံလုံး၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကို အထောက်အကူပြုရန်ကိစ္စရပ်များကို အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် The Global Fund to fight AIDS, Tuberculosis and Malaria ၏ အမှုဆောင်ဒါရိုက်တာ Mr. Mark Dybul တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# ရန်ကုန်ဓာတ်ပုံပွဲတော် ဓာတ်ပုံပေါင်း ၁၇၀ ကျော် ပြသမည်



**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မတ် ၃**

ဓာတ်ပုံချစ်သူများနှင့် ဓာတ်ပုံပညာ လေ့လာလိုက်စားသူများအတွက် မြန်မာ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို သတိပြုလာနိုင် စေရန် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံ ပွဲတော်ကို မဟာဗန္ဓုလပန်းခြံ၌ မတ် ၄ ရက်မှ ၁၉ ရက်အထိ ပထမဆုံးအကြိမ် အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီဓာတ်ပုံပွဲတော် ကို ၂၀၀၈ ခုနှစ်ကတည်းက ကျင်းပလာ ခဲ့တာဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ပြင်သစ်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❄

## ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ အဖွဲ့ဝင် အဖွဲ့အစည်းများ အဆိုပြုထားသည့် အဆိုပြုချက် ကိုးချက်သဘောတူ

စာမျက်နှာ - ၄

## သက်တမ်းလွန် ပိုးသတ်ဆေးများ ဖြန့်ဖြူးရောင်းချပါက ယခုလမှစပြီး အရေးယူတော့မည်

စာမျက်နှာ - ၁၁


